## AIAကိုဘာကြောင့် ရွေးချယ်သင့်သလဲ?

- ဈေးကွက်ရင်းနှီးမြှုပ်နှံမှုအားဖြင့် ကမ္ဘာပေါ်မှာအကြီးဆုံး အသက်အာမခံကုမ္ပဏီတွေထဲကတစ်ခုဖြစ်သော
- နိုင်ငံပေါင်း ၁၈ နိုင်ငံ မှာရှိသော
- လူတစ်ဦးချင်း အာမခံပေါ်လစီ စုစုပေါင်း ၃၃ သန်း ရှိသော
- မြန်မာနိုင်ငံကိုရောက်ရှိနေတာ ၆ နှစ်ကျော် ရှိနေသော အသက်အာမခံလုပ်ငန်းစုကြီးတစ်ခု

> မြန်မာနိုင်ငံသားများပိုမိုကျန်းမာအသက်ရှည်ပြီး ပိုမိုကောင်းမွန်သောဘဝများပိုင်ဆိုင်နိုင်စေရန်

## ပညာရေးအသက်အာမခံကို ဘယ်သူတွေဝယ်ယူလို့ရမလဲ?

**ပညာရေးအသက်အာမခံထားရှိနိုင်သူများ**

မိဘများ မိမိသားသမီးများ၏ ပညာရေးရှေ့ရေးအတွက် စိတ်ချရရန် မိမိအသက်ကို အာမခံထားရှိနိုင်ပါသည်။

**ပညာရေးအသက်အာမခံ ထားရှိနိုင်သည့်အသက်အရွယ်**

အာမခံထားသူသည် အာမခံထားသည့်အချိန်တွင် အသက်(၁၈)နှစ်မှ (၅၆)နှစ်အတွင်းရှိသူဖြစ်ရမည်။

**အာမခံသက်တမ်း**

အာမခံဝယ်ယူသူများအနေဖြင့် အာမခံသက်တမ်းကို (၉)နှစ်၊ (၁၁)နှစ်၊ (၁၄)နှစ် စသည်ဖြင့် ရွေးချယ်နိုင်ပါသည်။ အာမခံသက်တမ်းပေါ်မူတည်၍ ပရီမီယံပေးသွင်းရမည့်သက်တမ်းမှာ (၅)နှစ်၊ (၇)နှစ်၊ (၁၀)နှစ် တို့ဖြစ်နိုင်ပါသည်။

**အာမခံထားနိုင်သည့်ငွေပမာ**

အနည်းဆုံး ကျပ် သိန်း (၅၀) မှ အများဆုံး ကျပ် သိန်း (၁၀၀၀) အထိအာမခံထားရှိနိုင်ပါသည်။

### ပညာရေးအသက်အာမခံထားခြင်းဖြင့်ရရှိမည့် အကျိုးကျေးဇူးများ

- သားသမီးများ၏ ပညာရေးအတွက် ချွေတာစုဆောင်းသည့်အလေ့အထကောင်းရရှိစေခြင်း။
- မမျှော်လင့်သော ဖြစ်ရပ်ဆိုးများနှင့်ကြုံတွေ့ခဲ့သော်လည်း သားသမီးများ၏ ပညာရေးရပ်ဆိုင်းမသွားစေဘဲ ပညာရေးအတွက် ငွေကြေးအထောက်အပံ့ရစေခြင်း။
- ပေးသွင်းရသည့်ပရီမီယံပမာဏထက် ပိုမိုသောအာမခံအကျိုးခံစားခွင့်ငွေပမာဏရရှိခြင်း။
- ဝင်ငွေခွန်သက်သာခွင့် ရရှိခြင်း။
- အာမခံအကျိုးခံစားခွင့်ပေါ်တွင် အခွန်ကင်းလွတ်ပိုင်ခွင့်ရှိခြင်း
- အာမခံမှရရှိသည့် အကျိုးခံစားခွင့်ကို မည်သည့်ကြွေးရှင်မှ ဝရမ်းမကပ်နိုင်ခြင်း။

### ဘာကြောင့် AIAပညာရေးအသက်အာမခံကို ရွေးချယ်သင့်သလဲ။

အကြောင်းအရာအနှစ်ချုပ်

ပညာရေးအသက်အာမခံက သင့်ကလေးရဲ့အနာဂတ်အိပ်မက်တွေကိုဖန်တီးရာမှာ အတားအဆီးတစ်စုံတစ်ရာမကြုံတွေ့အောင် လုံလောက်တဲ့ငွေကြေးအထောက်အပံ့ ရရှိစေမှာပါ။

ပညာရေးဟာ မိဘများအနေဖြင့်သားသမီးများကို ပေးနိုင်တဲ့တန်ဖိုးအရှိဆုံးသောအရာပဲဖြစ်ပါတယ်။သို့သော်လည်းပညာရေးအတွက်တစ်နှစ်စာပျမ်းမျှကုန်ကျစရိတ်ဟာပုဂ္ဂလိကကျောင်းတစ်ကျောင်းအတွက်အမေရိကန်ဒေါ်လာ ၇၀၀၀နီးပါးကျသင့်ပြီး အစိုးရကျောင်းများအတွက် အမေရိကန်ဒေါ်လာ ၄၀၀၀ခန့်ကုန်ကျနိုင်တယ်ဆိုတာ သင်သိပါသလား။ ထိုပညာရေးခရီးလမ်းတစ်လျှောက်ကုန်ကျစရိတ်များအားလုံးအတွက် လုံလောက်ပြီးသေချာတဲ့စုဆောင်းမှုရော သင့်ထံမှာရှိနှင့်နေပြီလား။

AIA ပညာရေးအသက်အာမခံက သင့်ကလေးရဲ့ဘဝရည်မှန်းချက်အိပ်မက်တွေကို ဖြည့်ဆည်းပေးခြင်းဖြင့် သင့်ကိုစိတ်ချမ်းမြေ့စေဖို့ကူညီပေးမှာပါ။

### အဓိကအာမခံအကျိုးခံစားခွင့်များ

**အဓိကအာမခံအကျိုးခံစားခွင့်များ**

သေဆုံးမှုအကျိုးခံစားခွင့်
ထာဝစဉ်မသန်စွမ်းအကျိုးခံစားခွင့်
ပရီမီယံကင်းလွတ်ခွင့်
ပညာရေးအကျိုးခံစားခွင့်
ပေါ်လစီကို စာရင်းပိတ်ခြင်း
အမ်းငွေထုတ်ယူနိုင်ခြင်း
ပေါ်လစီမှချေးငွေထုတ်ယူနိုင်ခြင်း

AIA

## AIA အနှစ်ချုပ်

### AIA အကြောင်း

အာရှပစိဖိတ်ဒေသတွင်း ဈေးကွက် ၁၈ ခုတွင် အသက်အာမခံလုပ်ငန်းကို ကျွမ်းကျင်စွာ လုပ်ကိုင်သော အာရှတစ်ခွင် အကြီးဆုံး အများပိုင် အသက်အာမခံလုပ်ငန်းစု

### ကျွန်ုပ်တို့၏ရည်မှန်းချက်

ကမ္ဘာ့ အထင်ပေါ် အကျော်ကြားဆုံး အသက်အာမခံ ဝန်ဆောင်မှုပေးနိုင်သူ ဖြစ်ရန်နှင့် အကောင်းဆုံး ဝန်ဆောင်မှုသည် ကျွန်ုပ်တို့ ဝန်ဆောင်မှုများ ဝယ်ယူသူမှ ရှယ်ယာပိုင်ရှင်များအထိ ရည်ရွယ်သည်။

### ကျွန်ုပ်တို့၏ ရည်ရွယ်ချက်

ဒေသတွင်း စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ထိပ်ဆုံးမှ ပါဝင်ရင်း လူနှင့် လူ့ဘောင်အဖွဲ့အစည်းကို အကောင်းဆုံး အကျိုးပြုသွားပါမည်။


---

AIA Group Limited နှင့် ကုမ္ပဏီခွဲများ (စုပေါင်းအားဖြင့် "AIA" သို့မဟုတ် "အဖွဲ့") တွင် လွတ်လပ်သည့် အများနှင့်သက်ဆိုင်သောကုမ္ပဏီကြီးဖြစ်သော pan-Asian အသက်အာမခံ လုပ်ငန်း အဖွဲ့အစည်း ဖြစ်သည်။ အာရှ-ပစိဖိတ်ရှိ ဈေးကွက် ၁၈ ခုတွင် လုပ်ငန်းများဆောင်ရွက်လျက် ရှိရာ ဟောင်ကောင်၊ ထိုင်း၊ စင်္ကာပူ၊ မလေးရှား၊ တရုတ်ပြည်မ၊ ကိုရီးယား၊ ဖိလစ်ပိုင်၊ ဩစတေးလျ၊ အင်ဒိုးနီးရှား၊ ထိုင်ဝမ်၊ ဗီယက်နမ်၊ နယူးဇီလန်၊ မကာအို၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ မြန်မာ တို့တွင် အပြည့်အဝပိုင်ဆိုင်သော ကုမ္ပဏီခွဲများရှိပြီး သီရိလင်္ကာတွင် ၉၇% ပိုင်ဆိုင်သော ကုမ္ပဏီခွဲ၊ အိန္ဒိယတွင် ၄၉% ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှု တို့ရှိပါသည်။

AIA ၏ စီးပွားရေးလုပ်ငန်းကို ၁၉၁၉ ခုနှစ်၌ ရှန်ဟိုင်းတွင် စတင်တည်ထောင်ခဲ့ပြီး ဂျပန်နိုင်ငံမပါသော အာရှ-ပစိဖိတ် ဒေသတွင် အသက်အာမခံ လုပ်ငန်း ဈေးကွက် ဦးဆောင်သူ အဖြစ် ရပ်တည်နေပြီး ၎င်း၏ ဈေးကွက် အများစုတွင် ရှေ့ဆုံးမှ ဦးဆောင်လျက်ရှိသည်။ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ စုစုပေါင်းပိုင်ဆိုင်မှုမှာ အမေရိကန်ဒေါ်လာ ၂၅၆ ဘီလီလျံ ရှိသည်။

AIA သည် ရေရှည်ငွေစုခြင်းနှင့် ပြည်သူတစ်ဦးချင်းစီအတွက် လိုအပ်သည့် ကာကွယ်မှုများပေးနိုင်သော အသက်အာမခံပေါ်လစီများကို ဝန်ဆောင်မှု ပေးလျက်ရှိရာ ၎င်း၏ ဝန်ဆောင်မှုများတွင် အသက်အာမခံ၊ မတော်တဆထိခိုက်မှု အန္တရာယ်နှင့် ကျန်းမာရေးအာမခံ၊ ငွေစုခြင်း အစီအစဉ်တို့ ပါဝင်သည်။ ထို့အပြင် AIA အုပ်စုသည် ဝန်ထမ်းများ ၏ အကျိုးအမြတ် ခံစားခွင့်၊ ချေးငွေ အသက်အာမခံနှင့် ပင်စင်ဝန်ဆောင်မှုများကိုလည်း ကော်ပိုရိတ် လုပ်ငန်းစုကြီးများကို ဝန်ဆောင်မှု ပေးလျက်ရှိသည်။ AIA သည် အာရှ-ပစိဖိတ် တစ်ဝှမ်းတွင် အကျိုးဆောင် ကိုယ်စားလှယ် အေးဂျင့်များ၊ လုပ်ငန်းတူ လုပ်ကိုင်သည့် ပါတနာများနှင့် ဝန်ထမ်းများ စုပေါင်းပါဝင်သည့် ကျယ်ပြန့်သော ကွန်ရက် ရှိပြီး AIA ၏ အာမခံ ပေါ်လစီကို ဝယ်ယူသုံးစွဲနေသည့် ဦးရေမှာ တစ်ဦးတစ်ယောက်ချင်းစီ အာမခံ ပေါ်လစီပေါင်း ၃၃ သန်းကျော်နှင့် စုပေါင်းအာမခံပေါ်လစီပေါင်း ၁၆ သန်းကျော် ရှိသည်။

AIA Group Limited သည် ဟောင်ကောင် Stock Exchange ၏ Main Board တွင် American Depositary Receipts (Level ၁) ၏ Stock Code "၁၂၉၉" အောက်တွင် (ticker symbol: "AAGIY") ဖြင့် ကောင်တာဈေးကွက်တွင် ကူးသန်းရောင်းဝယ်လျက်ရှိသည်




**ပိုမိုသိရှိလိုပါကဆက်သွယ်ရန်**

မေးလိုသောမေးခွန်းများရှိပါက ကျေးဇူးပြု၍ ကျွန်ုပ်တို့ AIA ၏တရားဝင်ကိုယ်စားလှယ်များနှင့် AIA Customer Service အားဆက်သွယ်နိုင်ပါသည်၊သင့်အားကူညီရန်ကျွန်ုပ်တို့ဘက်မှအမြဲတမ်းအဆင်သင့်ရှိနေပါသည်။

**AIA**

AIA Myanmar
22 လှော, ဂျန်းရှင်းစီးတီးတာဝါ,
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
Tel: (+951)4705440
အီးမေးလ်: AIACare.MM@aia.com

Website: AIA.COM.MM

Facebook: https://www.facebook.com/AIA.Myanmar.MM/

## (၁) ပညာရေးအသက်အာမခံ၏အဓိကအကျိုးခံစားခွင့်များ

| ပေါ်လစီအကျိုးခံစားခွင့် | | Silver | Gold |
|---|---|---|---|
| သေဆုံးမှုအကျိုးခံစားခွင့် | အာမခံထားသူသေဆုံးပါက သေဆုံးမှုအကျိုးခံစားခွင့်အနေဖြင့် အာမခံထားငွေကို တစ်လုံးတည်း ရရှိနိုင်ပါသည်။ | | ✓ |
| ထာဝစဉ်မသန်စွမ်းအကျိုးခံစားခွင့် | မတော်တဆမှု (သို့) ရောဂါကြောင့် အာမခံထားရှိသူသည် ထာဝစဉ်လုံးဝမသန်စွမ်းဖြစ်ခဲ့လျှင် အာမခံထားငွေကို တစ်လုံးတည်းရရှိနိုင်ပါသည်။ | | ✓ |
| ပရီမီယံကင်းလွတ်ခွင့် | ပေါ်လစီတည်မြဲနေစဉ်အတွင်း အာမခံထားရှိသူ သေဆုံး (သို့) ထာဝစဉ်လုံးဝမသန်စွမ်း ဖြစ်ခဲ့လျှင် ထိုထိခိုက်ဆုံးရှုံးမှုဖြစ်ပွားပြီးနောက်ပိုင်း ပေးသွင်းရမည့်ပရီမီယံများကို ဆက်လက် ပေးသွင်းရန် မလိုတော့ဘဲ အာမခံကုမ္ပဏီမှကိုယ်စား ကျခံပေးသွင်းပေးပြီး ပေါ်လစီလဲ ဆက်လက်တည်မြဲနေမည်ဖြစ်ပါသည်။ | ✓ | ✓ |
| ပညာရေးအကျိုးခံစားခွင့် | ပရီမီယံပေးသွင်းရသည့်သက်တမ်း ပြီးဆုံးခြင်းပေါ်မူတည်၍ ကျန်ရှိသည့်ပေါ်လစီသက်တမ်း ငါးနှစ်အတွက် ပေါ်လစီ တစ်နှစ်ပြည့်သည့်နေ့သို့ ရောက်တိုင်း အာမခံထားငွေ၏ ၂၀%ကို ပညာရေးအကျိုးခံစားခွင့်အနေဖြင့် အာမခံသက်တမ်း ပြီးဆုံးသည့်နေ့အထိ ပြန်လည်ထုတ်ပေးမည်ဖြစ်သည်။ | ✓ | ✓ |
| ပေါ်လစီကို စာရင်းပိတ်ခြင်း | ပေါ်လစီရှင်တစ်ဦးအနေဖြင့် အတည်ဖြစ်ပြီးသော ပေါ်လစီ တစ်စောင်ကို ပရီမီယံ ဆက်လက် မပေးသွင်းနိုင်လျှင် စာရင်းပိတ်နိုင်သည်။ ပေါ်လစီသက်တမ်းနှစ်စေ့သည့်အချိန် (သို့) အာမခံထားသူသေဆုံးသည့်အချိန်တွင် စာရင်းပိတ် တန်ဖိုးကို ပြန်လည်ထုတ်ပေးမည် ဖြစ်ပါသည်။ | ✓ | ✓ |
| အမ်းငွေရသင့် တန်ဖိုးထုတ်ယူနိုင်ခြင်း | ပေါ်လစီရှင်မှ အာမခံပေါ်လစီကို ပရီမီယံဆက်လက်မပေးသွင်းလိုဘဲ ရပ်တန့်လိုပါက အမ်းငွေဇယားပါနှုန်းအတိုင်း ရခွင့်ရှိသည့်အမ်းငွေတန်ဖိုးကို ထုတ်ယူနိုင်ပါသည်။ | ✓ | ✓ |
| အာမခံပေါ်လစီမှ ငွေချေးယူနိုင်ခြင်း | ပေါ်လစီရှင်တစ်ဦးအနေဖြင့်အတည်ဖြစ်ပြီးသောပေါ်လစီတစ်စောင်မှ ချေးငွေရယူလိုပါက အမ်းငွေရသင့်တန်ဖိုး၏ ၉၀%ကို ချေးငွေအနေဖြင့်ထုတ်ယူနိုင်ပါသည်။ | ✓ | ✓ |

## နှစ်စဉ်ပရီမီယံပေးသွင်းခြင်းအစီအစဉ်

အာမခံထားရှိငွေကျပ် သိန်း(၁၀၀)အတွက်နှစ်စဉ်ပေးသွင်းရမည့်ပရီမီယံ

Gold Plan (နှစ်ထပ်ကွမ်းအကျိုးခံစားခွင့်ပုံစံ)

| အသက် | ၉ နှစ် | ၁၁ နှစ် | ၁၄ နှစ် |
|---|---|---|---|
| ၂၀ | ၁,၉၃၂,၀၀၀ ကျပ် | ၁,၃၂၀,၀၀၀ ကျပ် | ၉၀၀,၀၀၀ ကျပ် |
| ၂၅ | ၁,၉၆၈,၀၀၀ ကျပ် | ၁,၃၅၆,၀၀၀ ကျပ် | ၉၃၆,၀၀၀ ကျပ် |
| ၃၀ | ၂,၀၁၆,၀၀၀ ကျပ် | ၁,၄၀၄,၀၀၀ ကျပ် | ၉၈၄,၀၀၀ ကျပ် |
| ၃၅ | ၂,၀၆၄,၀၀၀ ကျပ် | ၁,၄၅၂,၀၀၀ ကျပ် | ၁,၀၂၀,၀၀၀ ကျပ် |
| ၄၀ | ၂,၁၁၂,၀၀၀ ကျပ် | ၁,၅၀၀,၀၀၀ ကျပ် | ၁,၀၆၈,၀၀၀ ကျပ် |
| ၄၅ | ၂,၁၈၄,၀၀၀ ကျပ် | ၁,၅၈၄,၀၀၀ ကျပ် | ၁,၁၄၀,၀၀၀ ကျပ် |
| ၅၀ | ၂,၃၀၄,၀၀၀ ကျပ် | ၁,၇၀၄,၀၀၀ ကျပ် | ၁,၂၈၄,၀၀၀ ကျပ် |
| ၅၁ | ၂,၃၄၀,၀၀၀ ကျပ် | ၁,၇၄၀,၀၀၀ ကျပ် | ၁,၃၂၀,၀၀၀ ကျပ် |
| ၅၂ | ၂,၃၇၆,၀၀၀ ကျပ် | ၁,၇၇၆,၀၀၀ ကျပ် | - |
| ၅၃ | ၂,၄၂၄,၀၀၀ ကျပ် | ၁,၈၂၄,၀၀၀ ကျပ် | - |
| ၅၄ | ၂,၄၇၂,၀၀၀ ကျပ် | ၁,၈၇၂,၀၀၀ ကျပ် | - |
| ၅၅ | ၂,၅၃၂,၀၀၀ ကျပ် | - | - |
| ၅၆ | ၂,၅၉၂,၀၀၀ ကျပ် | - | - |

Silver Plan (အခြေခံအကျိုးခံစားခွင့်ပုံစံ)

| အသက် | ၉ နှစ် | ၁၁ နှစ် | ၁၄ နှစ် |
|---|---|---|---|
| ၂၀ | ၁,၈၆၀,၀၀၀ ကျပ် | ၁,၂၆၀,၀၀၀ ကျပ် | ၈၄၀,၀၀၀ ကျပ် |
| ၂၅ | ၁,၈၇၂,၀၀၀ ကျပ် | ၁,၂၇၂,၀၀၀ ကျပ် | ၈၄၀,၀၀၀ ကျပ် |
| ၃၀ | ၁,၈၈၄,၀၀၀ ကျပ် | ၁,၂၇၂,၀၀၀ ကျပ် | ၈၅၂,၀၀၀ ကျပ် |
| ၃၅ | ၁,၈၉၆,၀၀၀ ကျပ် | ၁,၂၈၄,၀၀၀ ကျပ် | ၈၆၄,၀၀၀ ကျပ် |
| ၄၀ | ၁,၉၀၈,၀၀၀ ကျပ် | ၁,၃၀၈,၀၀၀ ကျပ် | ၈၇၆,၀၀၀ ကျပ် |
| ၄၅ | ၁,၉၂၀,၀၀၀ ကျပ် | ၁,၃၃၂,၀၀၀ ကျပ် | ၈၈၈,၀၀၀ ကျပ် |
| ၅၀ | ၁,၉၄၄,၀၀၀ ကျပ် | ၁,၃၅၆,၀၀၀ ကျပ် | ၉၁၂,၀၀၀ ကျပ် |
| ၅၁ | ၁,၉၄၄,၀၀၀ ကျပ် | ၁,၃၅၆,၀၀၀ ကျပ် | ၉၂၄,၀၀၀ ကျပ် |
| ၅၂ | ၁,၉၅၆,၀၀၀ ကျပ် | ၁,၃၆၈,၀၀၀ ကျပ် | - |
| ၅၃ | ၁,၉၆၈,၀၀၀ ကျပ် | ၁,၃၈၀,၀၀၀ ကျပ် | - |
| ၅၄ | ၁,၉၈၀,၀၀၀ ကျပ် | ၁,၃၈၀,၀၀၀ ကျပ် | - |
| ၅၅ | ၁,၉၈၀,၀၀၀ ကျပ် | - | - |
| ၅၆ | ၁,၉၉၂,၀၀၀ ကျပ် | - | - |

## ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်

သင်နှင့်သင့်မိသားစုအတွက် ကိုယ်ကာယကျန်းမာရေးနဲ့စိတ်ကျန်းမာပျော်ရွှင်မှုသည် လွန်စွာအရေးကြီးကြောင်းနားလည်သောကြောင့် AIA ၏ ပေါ်လစီကိုင်ဆောင်ထားသူများ ကျန်းမာရေးစောင့်ရှောက်မှုခရီးစဉ်တစ်လျှောက်လုံးအစဉ်ပြေချောမွေ့စေရန်ရည်ရွယ်၍ နိုင်ငံတကာနှင့် ပြည်တွင်းမှ ဆေးရုံကြီးများ၊ ဆေးခန်းများ၊ အားကစားရုံနှင့် ကျန်းမာရေး စောင့်ရှောက်မှုနေရာများတွင် ပုံမှန်ထက်ကောင်းမွန်သော AIA ၏ အထူးခံစားခွင့်များ ခံစားနိုင်ရန် စီစဉ်ပေးထားသည်။

### ဆေးရုံများ

ပြည်တွင်း

ပြည်ပ

Asia Royal Hospital · Mount Elizabeth · Gleneagles Singapore · Bumrungrad Clinic Yangon · Bumrungrad International Hospital · Parkway East Hospital

ကျန်းမာရေးစစ်ဆေးခြင်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုများနှင့်ကျန်းမာရေးဆွေးနွေးတိုင်ပင်ခြင်းများအပေါ် AIA customer များအတွက် အထူးနှုန်းထားများ စီစဥ်ပေးထားသည်။

### အားကစားနှင့် ကျန်းမာရေးစင်တာများ

Power House

Membership နှင့် အခြားသောဝန်ဆောင်မှုများ အပေါ်တွင် AIA customer များအတွက် အထူးနှုန်းထားများ စီစဥ်ပေးထားသည်။

## ပညာရေးအထူးအခွင့်အရေး

သင်နှင့် သင့်မိသားစုတွင် သင့်ကလေးကို အကောင်းဆုံးပညာရေးပေးနိုင်ဖို့ကြိုတင်စီစဉ်နိုင်ရန် လွန်စွာအရေးကြီးသည့်ကို နားလည်ပါသည်။ AIA ၏ ပေါ်လစီကိုင်ဆောင်ထားသူများအနေဖြင့် မိမိကလေးငယ် အနာဂတ်ကိုကြိုတင်စီစဉ်ပုံဖော်သည့် ခရီးလမ်းကြောင်းတစ်လျှောက် အဆင်ပြေချောမွေ့ရန် နိုင်ငံခြားနှင့် ပြည်တွင်း တက္ကသိုလ်များနှင့် ကလေးငယ်များ ဖန်တီးနိုင်မှု စွမ်းရည်မြှင့်တင်ရေး အစီအစဉ်များတွင် AIA ၏ ပုံမှန်ထက်ကောင်းမွန်သော အထူး ခံစားခွင့်များ ခံစားနိုင်ရန် စီစဥ်ပေးထားသည်။

### တက္ကသိုလ်များ

Strategy First · BIY Business Institute Yangon

ဘွဲ့ကြို၊ ဘွဲ့လွန် ဒီဂရီများ နှင့် ဒီပလိုမာများအတွက် ကျူရှင်လခများအပေါ် AIA customer များအတွက် အထူးနှုန်းထားများ စီစဥ်ပေးထားသည်။

### တီထွင်ဖန်တီးနိုင်မှုလေ့ကျင့်ရေးသင်တန်းများ

Charis Baby Spa · MEBC MusicArt Academy

တီထွင်ဖန်တီးနိုင်မှုနှင့်ဘက်စုံဖွံ့ဖြိုးတိုးတက်မှုသင်တန်းများအပေါ် AIA customer များအတွက် အထူးနှုန်းထားများ စီစဥ်ပေးထားသည်။

### စည်းကမ်းသတ်မှတ်ချက်များ

(၁)အထူးခံစားခွင့်အစီအစဉ်များသည်အာမခံပေါ်လစီစာချုပ်နှင့်တိုက်ရိုက်အကျုံးဝင်ခြင်းမရှိပဲ AIA Myanmar မှ AIA ပေါ်လစီကိုင်ဆောင်သူများကို သီးသန့်ပံ့ပိုးပေးထားခြင်းသာဖြစ်သည်။

(၂)အကျိုးခံစားခွင့်များသည် လုပ်ငန်းဖက်များအပေါ်မူတည်၍ ပြောင်းလဲနိုင်ပြီး အကြံပေးချက်များအရ လိုအပ်သလို ပိုမိုကောင်းမွန်အောင်လုပ်ဆောင်သွားမည်။

(၃)AIA မှ ပေါ်လစီကိုင်ဆောင်သူများကို အထူးခံစားခွင့်များသုံးနိုင်သောကဒ်ပြားများထုတ်ပေးထားမည်ဖြစ်ပြီးထိုကဒ်ပြားကိုင်ဆောင်၍ Partner လုပ်ငန်းများတွင်တိုက်ရိုက်အသုံးပြုရမည်။

(၄)AIA ၏အထူးခံစားခွင့်အစီအစဉ်များကိုအသေးစိတ်သိရှိလိုပါက AIA Myanmar Website တွင်ဝင်ရောက်ဖတ်ရှုနိုင်သည်။

## အမေးအများဆုံးမေးခွန်းနှင့် အဖြေများ

**ပညာရေးအသက်အာမခံဆိုတာ ဘာလဲ?**

ပညာရေးအသက်အာမခံဆိုသည်မှာ သင့်ကလေးငယ်များ၏ပညာရေးအတွက် ခိုင်မာသေချာအောင် ငွေကြေးဆိုင်ရာထောက်ပံ့ ကာကွယ်ပေးသောအာမခံအမျိုးအစားဖြစ်သည်။

**ပညာရေးအသက်အာမခံကိုဘယ်သူတွေထားရှိနိုင်မလဲ?**

အသက်(၁၈)နှစ်မှ (၅၆)နှစ်အတွင်းရှိသူ မည်သူမဆိုပညာရေးအသက်အာမခံ ဝယ်ယူထားရှိနိုင်ပါသည်။

**အာမခံပေါ်လစီအကာအကွယ်ကိုအချိန်ကာလဘယ်လောက်ကြာကြာ ရရှိမလဲ?**

အာမခံပေါ်လစီထားရှိမည့်သူမှ ပေါ်လစီသက်တမ်း (၉)နှစ်၊ (၁၁)နှစ်၊ (၁၄)နှစ် စသည်ဖြင့် ရွေးချယ်ထားရှိနိုင်ပါသည်။

**ပညာရေးအသက်အာမခံအတွက်ပရီမီယံကို ဘယ်လောက်ကြာကြာပေးရမလဲ?**

ပေါ်လစီသက်တမ်းပေါ်မူတည်၍ ပရီမီယံပေးသွင်းရမည့်ကာလမှာ (၅)နှစ်၊ (၇)နှစ်၊ (၁၀)နှစ် စသည်ဖြင့်ရှိနိုင်ပါသည်။

**ပညာရေးအသက်အာမခံအတွက်ပရီမီယံကို ဘယ်လိုတွက်ချက်ပါသလဲ?**

ပညာရေးအသက်အာမခံအတွက်ပရီမီယံကို အာမခံထားရှိသူ၏အသက်၊ ပေါ်လစီသက်တမ်းနှင့် အာမခံထားရှိငွေတို့အပေါ် မူတည်၍တွက်ချက်ပါသည်။

**ပညာရေးအသက်အာမခံအတွက်ပေးသွင်းသောပရီမီယံကို ဝင်ငွေခွန်အတွက်သက်သာခွင့်ရရှိနိုင်ပါသလား?**

ပညာရေးအသက်အာမခံအတွက်ပေးသွင်းသောပရီမီယံကို ဝင်ငွေခွန်အတွက် သက်သာခွင့်ရရှိနိုင်ပါသည်။

**ပညာရေးအသက်အာမခံဝယ်ယူရန်အတွက် ကျန်းမာရေး စစ်ဆေးရန်လိုအပ်ပါသလား?**

အသက်အရွယ် (သို့) အာမခံထားရှိငွေအပေါ်မူတည်၍ ကျန်းမာရေးစစ်ဆေးရန်လိုအပ်ပါသည်။

**ပညာရေးအသက်အာမခံအကျိုးခံစားခွင့်ရရှိရန်အကျုံးမဝင်သောအချက်တွေကဘာတွေလဲ?**

**အာမခံထားသူသည် အောက်ဖော်ပြပါ အကြောင်းကိစ္စများကြောင့် သေဆုံးခဲ့လျှင် သေဆုံးမှုအကျိုးခံစားခွင့်အားရခွင့်မရှိပါ။**

(က) အာမခံစသည့်နေ့မှ တစ်နှစ်အတွင်း မိမိကိုယ်ကို အဆုံးစီရင်ခြင်း။

(ခ) အာမခံဝယ်ယူစဉ်က ဖော်ပြရန် ထိန်ချန်ခဲ့သော ရှိရင်းစွဲ ရောဂါကြောင့် အာမခံ စသည့်နေ့မှ တစ်နှစ်အတွင်း သေဆုံးခြင်း။

အာမခံထားသူသည် အောက်ဖော်ပြပါ အကြောင်းကိစ္စများကြောင့် ထာဝစဉ်လုံးဝမသန်စွမ်းဖြစ်ခဲ့လျှင် ထာဝစဉ်လုံးဝမသန်စွမ်းအကျိုးခံစားခွင့်အား ရခွင့်မရှိပါ။

(က) ကြိုတင်ရည်ရွယ်ချက်ဖြင့် မိမိကိုယ်ကို အနာတရဖြစ်အောင် လုပ်ခြင်း၊ မိမိကိုယ်ကို သတ်သေခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ဘေးအန္တရာယ်ဖြစ်စေသော ဆေးကို မှီဝဲခြင်း၊ ကိုယ်တိုင်ရာဇဝတ်မှု ကျူးလွန်ခြင်း စသည့် အကြောင်းကိစ္စများကြောင့် ထာဝစဉ် လုံးဝ မသန်စွမ်းဖြစ်ခြင်း။

(ခ) အာမခံဝယ်ယူစဉ်က ဖော်ပြရန် ထိန်ချန်ခဲ့သော ရှိရင်းစွဲ ရောဂါကြောင့် အာမခံ စသည့် နေ့မှ တစ်နှစ်အတွင်း ထာဝစဉ် လုံးဝ မသန်စွမ်းဖြစ်ခြင်း အထက်ဖော်ပြပါ ဖြစ်ရပ်နှစ်ခုလုံးအတွက် သတ်မှတ်ထားသည့် အမ်းငွေရသင့် တန်ဖိုးကိုသာ ပေါ်လစီရှင် (သို့) အကျိုးခံစားခွင့်ရှိသူထံသို့ထုတ်ပေးပါမည်။